## မြက်ကွမ်းသီးလေး


Scientific name - *Fimbristylis littoralis* Gaud.

Common name - Lesser fimbristylis

Family - Cyperaceae








အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံ သို့မဟုတ် သက်တမ်းတိုနှစ်ရှည်ခံပင်ပျော့မျိုးဖြစ်ပြီး အရင်းတစ်ခုတည်းမှ ဖြာထွက်၍ အပေါ်သို့ထောင်မတ်လျက်ပေါက်သည်။ ၄၀ - ၆၀ စင်တီမီတာခန့် အမြင့်ရှိသည်။ ပွင့်ကိုင်းရိုးတံ၏ အရင်းပိုင်းသည် ပြားပြီးအပေါ်ပိုင်းတွင် ထောင့်လေးထောင့် သို့မဟုတ် ငါးထောင့်ပါရှိသည်။ ပန်းခိုင်တွင် ပြန့်ကားနေသော ပွင့်ကိုင်းများစွာရှိပြီး ရင်းတူထိပ်ညီ ဖြစ်သည်။ ထပ်ဆင့်ပန်းခိုင်များစွာပါရှိပြီး အညိုဖျော့ရောင် သို့မဟုတ် ကောက်ရိုးရောင် ရှိသည်။ အသီးသည် ဆင်စွယ်နုရောင်မှ အညိုရောင်ရှိပြီး ဥပုံစံ ထောင့်သုံးထောင့် ပါသည်။ အစေ့ သို့မဟုတ် မြေအောက်ပင်စည်ဖြင့် မျိုးပွားသည်။